# မြော်လင့်ခြင်းမြန်မာသတင်း

# Adventist Myanmar News

မေလ-ဒီဇင်ဘာလ၊ ၂၀၂၅




အမေရိကန်နိုင်ငံတွင်ပြုလုပ်ခဲ့သည့် ကမ္ဘာ့ညီလာခံအစည်းအဝေးအား ၂၀၂၅ခုနှစ်၊ ဇူလိုင်လ (၃-၁၂)ရက်နေ့အထိပြုလုပ်ခဲ့ရာ နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်မြောက်မြားစွာတက်ရောက်ခဲ့ကြသည်။ ထိုအစည်းအဝေးတွင် (GC)နှင့်(SSD)အတွက် ခေါင်းဆောင်အသစ်များပြန်လည်ရွေးကောက်ခြင်းများနှင့်အမှုတော်အတွက်လုပ်ငန်းဆောင်တာများဆွေးနွေးတင်ပြသွားကြသည်။ မြန်မာပြည်အနေဖြင့်လည်း မြန်မာယူနီယံမှ ဥက္ကဌကြီး ပါစတာဦးအယ်လ်ဗင်းဖိုးဖိုးလှနှင့်ဇနီး၊ မြန်မာယူနီယံ၏ ဓမ္မရေးရာသာသနာဌာနမှ ပါစတာဦးကပ်လျန်ထန်း၊ အရှေ့တောင်တိုင်းမှ ဥက္ကဌကြီး ပါစတာဦးကျော်မြင့်နိုင်၊ အထက်မြန်မာပြည်မှ လူငယ်သာသနာဌာန၏ ညွှန်ကြားရေးမှူး Pastor U Tuan Suan Kimတို့မှ ကိုယ်စားလှယ်များအဖြစ် ပါဝင်တက်ရောက်ခဲ့ကြသည်။






## SSD ဥက္ကဌကြီးမှ သာသနာအတွက် မြန်မာပြည်သို့ လာရောက်လည်ပတ်ခြင်း

၂၀၂၅ခုနှစ် ၊ ဩဂုတ်လ (၁၅) ရက်နေ့တွင် အလယ်ပိုင်းတိုင်း၊ တောင်ငူအသင်းတော်ဌာနချုပ်၌ SSD မှ ဥက္ကဌကြီး Pr. Roger Caderma နှင့်အတူ မြန်မာယူနီယံရှိ Officer များမှ Life Hope Center အားဖွင့်လှစ်ပေးခဲ့ပြီး အမှုတော်အတွက်လိုအပ်သည်များညွှန်ကြားပေးခဲ့သည်။ ထို့ပြင် ဩဂုတ်လ (၁၉)ရက်နေ့တွင် အထက်မြန်မာပြည်၏ ကလေးမြို့နှင့်တာဟန်းမြို့တို့၌ SSD ဥက္ကဌကြီး Pr. Roger Caderma နှင့် မြန်မာယူနီယံဥက္ကဌကြီးတို့အတူ အမှုတော်အတွက် ကွင်းဆင်းလေ့လာခဲ့ပြီး အမှုတော်အတွက်လိုအပ်သည်များလည်း ညွှန်ကြားအားပေးခဲ့သည်။ ဩဂုတ်လ (၂၁-၂၂)နေ့တို့၌လည်း ဧရာဝတီတိုင်း မြောင်းမြမြို့ရှိ အသင်းတော်ဓမ္မတက္ကသိုလ်နှင့် ပုသိမ်မြို့ရှိ အသင်းတော်ဌာနချုပ်သို့လည်း အမှုတော်အတွက် ကွင်းဆင်းလေ့လာခဲ့ပြီးနောက် Harvest 2025အစီအစဉ်၌ ရရှိခဲ့သည့် ဝိညာဉ်များအားလည်း ရေနှစ်ခြင်းပေးခဲ့သည်။

# မြော်လင့်ခြင်းအသံရေဒီယို၏ ကယားဘာသာ အစီအစဉ်အတွက် ဆက်ကပ်ခြင်း




(၂၀၂၅)ခုနှစ်၊ ဇွန်လ(၈)ရက်နေ့၌ အလယ်ပိုင်းတိုင်းသာသနာ၏ တောင်ငူအသင်းတော်တွင် မြန်မာယူနီယံ သာသနာ့ဆက်သွယ်ရေး ညွှန်ကြားရေးမှူး ပါစတာဦးတိန့်ဆောင်မှဦးဆောင်ကာ မြော်လင့်ခြင်းအသံရေဒီယို၏ကယားဘာသာအစီအစဉ်အတွက်သော်ငင်း၊ ကယားဘာသာအစီအစဉ်၌ ပါဝင်ဆက်ကပ်မည့်ဆရာမအတွက်သော်ငင်း ဆက်ကပ်ကာဆုတောင်းပေးခဲ့သည်။ ၎င်းဆက်ကပ်ခြင်းအစီအစဉ်တွင် မြော်လင့်ခြင်းအသံရေဒီယိုအစီအစဉ်၏တာဝန်ခံနှင့် အလယ်ပိုင်းတိုင်းသာသနာ၏ အတွင်းရေးမှူး ၊ ဘဏ္ဍာရေးမှူးနှင့် ညွှန်ကြားရေးမှူးအချို့တက်ရောက်ခဲ့ကြသည်။

# ဥပုသ်စာဖြေကျောင်း ဧဝံဂေလိတရားဟောပြောပွဲ



အရှေ့တောင်တိုင်းသာသနာ ၊ ဘီးလင်းနယ် ၊ ဖောဂေခီးအဖွဲ့ငယ်တွင် အရှေ့တောင်တိုင်းသာသနာ ၊ ဥပုသ်စာဖြေနှင့် ကျန်းမာခြင်းသာသနာဌာနညွှန်ကြားရေးမှူး ပါစတာဦးယောဟန်မှ ဦးဆောင်၍ ဥပုသ်စာဖြေကျောင်း ဧဝံဂေလိတရားဟောပြောပွဲ အစီအစဉ်ကို ၂၀၂၅ခုနှစ် ၊ ဇွန်လ (၈-၁၆)ရက်နေ့အထိ အောင်မြင်စွာဖြင့်ပြုလုပ်ခဲ့သည်။ ထိုဟောပြောပွဲတွင် ဖောဂေခီးအဖွဲ့ငယ်တွင်ရှိသော အသင်းသူ/သားများ တက်ရောက်ခဲ့ကြသည်။

# Vavala Thiangi အဆောက်အဦးအား ဆက်ကပ်ခြင်း

ညွှန်ကြားရေးမှူးများနေထိုင်ရန်အတွက် Vavala Thiangi အဆောက်အဦးအား ဆက်ကပ်ခြင်းအခမ်းအနားကို ၂၀၂၅ခုနှစ်၊ ဇွန်လ (၁၄)ရက်နေ့၌ အထက်မြန်မာပြည်သာသနာဌာနချုပ်တွင်ပြုလုပ်ခဲ့သည်။ အခမ်းအနားအား အထက်မြန်မာပြည်သာသနာရှိ Officerများမှဦးစီးခဲ့ပြီး တရားဒေသနာတော်အား မြန်မာယူနီယံ၏ အတွင်းရေးမှူး ဒေါက်တာ ဦးထန်လန်းမုန်မှ ဟောကြားခဲ့သည်။ အစီအစဉ်တွင် မြန်မာယူနီယံရှိ ဆရာ/မများ၊ အထက်မြန်မာပြည်၏သာသနာ၏ Officerများ၊ ညွှန်ကြားရေးမှူးများနှင့် ပြင်ဦးလွင်အသင်းတော်ရှိ အသင်းသူ/သားများတက်ရောက်ခဲ့ကြသည်။



၂၀၂၅ခုနှစ် ၊ ဇွန်လ (၉ - ၁၀) ရက်နေ့အထိ ဧရာဝတီတိုင်းသာသနာဌာနချုပ် ၊ မြက်တိုအသင်းတော်တွင် ဥပုသ်စာဖြေကျောင်း၊ တစ်ဦးချင်းသာသနာပြုလုပ်ငန်း၊ ပုံနှိပ်ထုတ်ဝေရေးနှင့် ဝိညာဉ်တော်စာပေမြှင့်တင်ရေးသင်တန်းကို မြန်မာယူနီယံ ဥပုသ်စာဖြေကျောင်း၊ တစ်ဦးချင်းသာသနာပြုလုပ်ငန်း၊ ပုံနှိပ်ထုတ်ဝေရေးနှင့် ဝိညာဉ်တော်စာပေမြှင့်တင်ရေးဌာနမှညွှန်ကြားရေးမှူး ပါစတာဦးတင်မောင်ကြည်နှင့် မြန်မာယူနီယံ ပုံနှိပ်ထုတ်ဝေရေးနှင့် ဝိညာဉ်တော်စာပေဖြန့်ချီရေးဌာနညွှန်ကြားရေးမှူး ပါစတာဦးသန်းအောင်ထွန်းတို့မှပူးပေါင်း၍ မိမိတို့၏ဌာနနှင့်သက်ဆိုင်သောလုပ်ငန်းများ၊ အသင်းသားတိုင်းအမှုတော်ဆောင်ခြင်းဆိုင်ရာ တိုက်တွန်းအားပေးမှုများကို လုပ်ဆောင်ခဲ့ကြသည်။ ထိုအစီအစဉ်၌ ဧရာဝတီတိုင်း၊ ပုသိမ်အရှေ့သာသနာနှင့် ရိုးမအရှေ့သာသနာနယ်တွင်ရှိသော အသင်းသူ / သားကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

# ဥပုသ်စာဖြေကျောင်း၊ တစ်ဦးချင်းသာသနာပြုလုပ်ငန်း၊ ပုံနှိပ်ထုတ်ဝေရေးနှင့် ဝိညာဉ်တော်စာပေမြှင့်တင်ရေး သင်တန်း









# ရိတ်သိမ်းခြင်း ၂၀၂၅၊ သာသနာ့လှုပ်ရှားမှု၏ သာမန်အသင်းသားသင်တန်း



အလယ်ပိုင်းတိုင်းသာသနာ၏ ဖဒိုနယ်၊ ဖဒိုအသင်းတော်တွင် ရိတ်သိမ်းခြင်း(၂၀၂၅) သာသနာ့လှုပ်ရှားမှု၏ သာမန်အသင်းသားသင်တန်းအား အလယ်ပိုင်းတိုင်းကလေးနှင့်အမျိုးသမီးများသာသနာဌာန၏ညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်ဂျွန်နော၊ ဓမ္မရေးရာဌာန၏ညွှန်ကြားရေးမှူး ပါစတာဦးသိန်းထွဋ်ဝင်းနှင့် ဘဏ္ဍာစိုးသာသနာဌာနညွှန်ကြားရေးမှူး ဆရာစောဒေးဗစ်အေးတို့မှ ပူးပေါင်း၍ ၂၀၂၅ခုနှစ်၊ ဇွန်လ (၁၆)ရက်နေ့တွင် ပြုလုပ်ခဲ့ရာ ဖဒိုသာသနာနယ်ရှိ ဆရာ/မများ တက်ရောက်ခဲ့ကြသည်။

# ရန်ကုန်တိုင်းသာသနာ၏အမှုဆောင်တွေ့ဆုံပွဲ





ရန်ကုန်တိုင်းသာသနာဌာနချုပ်၏ သုခအသင်းတော်တွင် ရန်ကုန်တိုင်းOFFICER များမှ ရန်ကုန်တိုင်းသာသနာ၏ အမှုဆောင်တွေ့ဆုံပွဲအစီအစဉ်ကို ၂၀၂၅ခုနှစ်၊ ဇွန်လ ၁၀-၁၁ရက်နေ့အထိ “ရိတ်သိမ်းခြင်း ၂၀၂၅“၏ သာသာနာလုပ်ငန်းနှင့်သက်ဆိုင်သောအကြောင်းအရာများအား ဆွေးနွေးခြင်း၊ညွှန်ကြားခြင်းနှင့် အစီရင်ခံခြင်းများလုပ်ဆောင်ခဲ့ကြသည်။ ထိုအစီအစဉ်တွင် ရန်ကုန်တိုင်းသာသနာရှိ OFFICERများ၊ ညွှန်ကြားရေးမှူးများနှင့် အရှေ့ဒဂုံ၊အနောက်ဒဂုံရှိ နယ်စီးများ၊ ဆရာ/မများ တက်ရောက်ခဲ့ကြသည်။

# လူထုကျန်းမာရေးမြှင့်တင်မှုသင်တန်းကျောင်း အမှတ်စဉ် (၂၉)သင်တန်းဖွင့်ပွဲ

၂၀၂၅ခုနှစ်၊ ဇွန်လ (၁၆)ရက်နေ့တွင် အမှတ် (၈၈၈)၊ နံ့သာကုန်းလမ်း၊ အင်းစိန်သတ္တမနေ့အသင်းတော်၌ လူထုကျန်းမာရေးမြှင့်တင်မှုသင်တန်းကျောင်း အမှတ်စဉ် (၂၉)သင်တန်းဖွင့်ပွဲအခမ်းအနားကို ပြုလုပ်ခဲ့သည်။ ထိုအခမ်းအနားတွင် ဝတ်ပြုခြင်းအစီအစဉ်အတွက် ဆရာကြီး Pr. U Tember Chit မှ ဆက်ကပ်ခဲ့ပြီးနောက် တရားဒေသနာတော်အား မြန်မာယူနီယံ အတွင်းရေးမှူး ဒေါက်တာဦးထန်လန်းမုန်မှ ဟောကြားပေးခဲ့ပြီး သင်တန်းသူများအား ပါစတာဦးဗစ်တာသန်းမှ ဆက်ကပ်ဆုတောင်းပေးခဲ့သည်။ အစီအစဉ်တွင် မြန်မာယူနီယံမှ ဆရာ/မများ၊ လူထုကျန်းမာရေးသင်တန်းပေးမည့် ဆေးဘက်ဆိုင်ရာ ဆရာ / မများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။







# အထက်မြန်မာပြည်သာသနာနယ်တွင်ပြုလုပ်သော မိသားစုအားသစ်လောင်းဆွေးနွေးပွဲနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်း




၂၀၂၅ခုနှစ်၊ ဇွန်လ (၄)ရက်နေ့တွင် နာဂတောင်တန်း၊ လေရှီးအသင်းတော်တွင်၎င်း၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ (၆) ရက်နေ့တွင် ဟုန်းမလင်းနယ်၊ ရန်နွေးအသင်းတော်တွင်၎င်း၊၂၀၂၅ ခုနှစ်၊ ဇွန်လ(၇)ရက်နေ့တွင် ဟုန်းမလင်းနယ်၊ ထန်မသီအသင်းတော်တွင်၎င်း၊ ၂၀၂၅ ခုနှစ် ၊ ဇွန်လ (၉) ရက်နေ့တွင် ဟုန်းမလင်းနယ် ၊ ကွေကြီးအသင်းတော်တို့တွင် မိသားစုအားသစ်လောင်းဆွေးနွေးပွဲနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းတို့ကို အထက်မြန်မာပြည်၏ WM AND FM ဒါရိုက်တာ ဆရာမကြီးဒေါ်ဥမ္မာစံနှင့် SSL AND PERSONAL ဒါရိုက်တာ ပါစတာဦးပီတာဇုန်းယိန်းတို့မှ ပူးပေါင်း၍ လုပ်ဆောင်ခဲ့ကြသည်။



# အမျိုးသားဘော်ဒါဆောင် ဆောက်လုပ်ရန်ပန္နက်ရိုက်ခြင်း






အရှေ့တောင်တိုင်းသာသနာဌာနချုပ်မှ Officer များ၊ ညွှန်ကြားရေးမှူးများနှင့် ရေပူဓမ္မကျမ်းစာကျောင်း၏ကျောင်းအုပ်ကြီးတို့မှ SEAS အမျိုးသားဘော်ဒါဆောင် ဆောက်လုပ်ရန်အတွက် ပန္နက်ရိုက်ခြင်း၊ SEAS ဓမ္မကျမ်းစာကျောင်း၏ ၂၀၂၅စာသင်နှစ်အတွက် ဆက်ကပ်ဆုတောင်းခြင်းများကို ၂၀၂၅ခုနှစ်၊ ဇွန်လ (၁၉)ရက်နေ့တွင် ပြုလုပ်ခဲ့သည်။

# ဥပုသ်စာဖြေ၊ တစ်ဦးချင်းသာသနာပြုလုပ်ငန်း၊ ပုံနှိပ်ထုတ်ဝေရေးနှင့် ဝိညာဉ်တော်စာပေ မြှင့်တင်ရေးသင်တန်း

ဥပုသ်စာဖြေ၊ တစ်ဦးချင်းသာသနာပြုလုပ်ငန်းသာသနာဌာန၏ညွှန်ကြားရေးမှူး ပါစတာဦးတင်မောင်ကြည်နှင့် ပုံနှိပ်ထုတ်ဝေရေးနှင့် ဝိညာဉ်တော်စာပေသာသနာဌာနညွှန်ကြားရေးမှူး ပါစတာဦးသန်းအောင်ထွန်းတို့မှဦးဆောင်ပြုလုပ်ခဲ့သောဥပုသ်စာဖြေ၊ တစ်ဦးချင်းသာသနာပြုလုပ်ငန်း၊ ပုံနှိပ်ထုတ်ဝေရေးနှင့် ဝိညာဉ်တော်စာပေမြှင့်တင်ရေးသင်တန်းကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၃-၂၄ရက်နေ့အထိ အလယ်ပိုင်းတိုင်း ဖဒိုသာသနာနယ်၊ ဖဒိုအသင်းတော်၌ငင်း၊ ၂၀၂၅ခုနှစ်၊ ဇွန်လ ၂၅-၂၆ရက်နေ့အထိတွင် အလယ်ပိုင်းတိုင်း၊ ကျောက်တိုင်သာသနာနယ်၊ တောင်ငူအသင်းတော်၌ငင်း၊ ဇွန်လ ၂၇-၂၈ရက်နေ့အထိ သရက်သာသနာနယ်၊ ခုန်တိုင်အသင်းတော်၌ငင်း၊ ဇွန်လ ၂၉-၃၀ရက်နေ့အထိ ရွှေပန်းတောနယ်၊ ရွှေပန်းတော်အသင်းတော်၌ငင်းပြုလုပ်ခဲ့သည်။ ထိုသင်တန်းတွင် ဖဒိုအသင်းတော်၊တောင်ငူအသင်းတော်၊ ခုန်တိုင်အသင်းတော်နှင့် ရွှေပန်းတော်အသင်းတော်ရှိအသင်းသူ/သားများတက်ရောက်ခဲ့သည်။ ငင်းသင်တန်းပြီးဆုံးသည့်နောက်တွင် ခရစ်တော်ကို မိမိကယ်တင်ပိုင်ရှင်အဖြစ်ယုံကြည်လက်ခံခဲ့သူ တစ်ဦးလည်းရှိခဲ့သည်။








## ဓမ္မဆရာဇနီးများရက်တိုသင်တန်းနှင့် အစည်းအဝေးကျင်းပခြင်းအခမ်းအနား

ရန်ကုန်တိုင်းသာသနာ၊ ဓမ္မဆရာဇနီးများသာသနာဌာနညွှန်ကြားရေးမှူး ဆရာမကြီးဒေါ် ရိုအဲနာဝမ်းမှဦးဆောင်၍ပြုလုပ်ခဲ့သည့် ဓမ္မဆရာဇနီးများရက်တိုသင်တန်းနှင့် အစည်းအဝေးကျင်းပခြင်းအခမ်းအနားကို ရန်ကုန်တိုင်းသာသနာ၊ အင်းစိန်အသင်းတော်ဘုရားကျောင်း၌ ၂၀၂၅ခုနှစ်၊ ဇွန်လ (၂၉)ရက်နေ့တွင် အောင်မြင်စွာဖြင့်ပြုလုပ်ခဲ့သည်။ ထိုအခမ်းအနားတွင် မြန်မာယူနီယံ၏ ကလေးများနှင့် ဓမ္မဆရာဇနီးများသာသနာဌာန၏ ညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်ချိုချိုပေါလ် ၊ ရန်ကုန်တိုင်း၏ အမျိုးသမီးများသာသနာဌာနညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်ဆောင်းဝေဝေနှင့် ရန်ကုန်တိုင်း ဓမ္မဆရာဇနီးများသာသနာဌာနညွှန်ကြားရေးမှူး ဆရာမကြီးဒေါ် ရိုအဲနာဝမ်းတို့မှ သင်တန်းများပေးခဲ့ကြနောက် ဓမ္မဆရာဇနီးများအတွက် မြန်မာယူနီယံ၏ ဘဏ္ဍာရေးမှူး ဆရာကြီးဦးခဲလေသိန်း၊ ရန်ကုန်တိုင်းဥက္ကဌ ပါစတာဦးအေဝမ်းသိန်း၊ ပါစတာဦးဇီးရာနှင့် ပါစတာဦးအိုင်းဇက်ကဲတို့မှ လက်တင်၍ ဆက်ကပ်ဆုတောင်းပေးခဲ့ကြသည်။ ထိုအခမ်းအနားတွင် ရန်ကုန်မြို့နယ်တွင်ရှိသော ဓမ္မဆရာဇနီးများတက်ရောက်ခဲ့ကြသည်။




## ခရစ်တော်ကိုမြော်လင့်သော သတ္တမနေ့အသင်းတော်၏ ကျန်းမာခြင်းဧဝံဂေလိတရားပွဲ



ရောဝတီတိုင်း၊ မြောင်းမြသာသနာနယ်၊ တောင်ပေါ်စုအသင်းတော်၌ ခရစ်တော်ကိုမြော်လင့်သော သတ္တမနေ့အသင်းတော်၏ ကျန်းမာခြင်းဧဝံဂေလိတရားပွဲအစီအစဉ်ကို ၂၀၂၅ခုနှစ်၊ ဇွန်လ ၂၉-ဇူလိုင်လ ၅ရက်နေ့အထိ မြန်မာယူနီယံဓမ္မတက္ကသိုလ်ကျမ်းစာကျောင်း၏ ကျန်းမာရေးဌာနရှိဆရာ/မများမှ ဝိညာဉ်ရေးနှင့်ကျန်းမာရေးဆက်နွယ်မှုများကို ဟောကြားခဲ့ကြရာ တောင်ပေါ်စုအသင်းတော်ရှိ အသင်းသူ/သားများတက်ရောက်ခဲ့ကြသည်။

## ကျောင်းစစ်ဆေးခြင်း




မြန်မာယူနီယံ၏ ပညာရေးဌာနညွှန်ကြားရေးမှူး ပါစတာဦးမောရစ်ချစ်၊ ရောဝတီတိုင်းသာသနာဌာန၏ ဥက္ကဌကြီး ပါစတာဦးလေးမူးကျော်နှင့် အတွင်းရေးမှူး ပါစတာဦးမိုးဝင်းတို့မှ ၂၀၂၅ ခုနှစ်၊ ဇွန်လ (၂၃) ရက်နေ့တွင် မြောင်းမြအရှေ့ကုန်း၏ ဓမ္မကျမ်းစာကျောင်းသို့ သွားရောက်ကာ ကျောင်းစစ်ဆေးခြင်း၊ ညွှန်ကြားခြင်းများနှင့် လိုအပ်သည်များအား ပြင်ဆင်ပေးခဲ့ကြသည်။

## ရောဝတီတိုင်းသာသနာတွင်ပြုလုပ်သော EC COMMITTEE




၂၀၂၅ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင် ရောဝတီတိုင်း သာသနာဌာနချုပ်ရှိ ရောဝတီတိုင်းOFFI-CER များဦးဆောင်ပြုလုပ်ခဲ့သော EC COM-MITTEE၌ ရိတ်သိမ်းခြင်း ၂၀၂၅ခုနှစ်အတွင်း လုပ်ဆောင်သွားမည့် သာသနာ့လုပ်ငန်းများအကြောင်းကို ဆွေးနွေးခဲ့ကြသည်။ ထို ZOOM MEETING အစီအစဉ်တွင် ရောဝတီတိုင်းရှိ OFFICERများ၊ ညွှန်ကြားရေးမှူးများ၊ နယ်စီးများနှင့် ရောဝတီတိုင်းသာသနာ EC MEMBERများ တက်ရောက်ခဲ့ကြသည်။

# ကျန်းမာရေးနှင့်ညီညွတ်သော သက်သတ်လွတ်အစားအစာချက်ပြုတ်ရေးမြှင့်တင်ရေးအစီအစဉ်




အရှေ့တောင်တိုင်းသာသနာ ၊ ဘားအံအသင်းတော်၌ ၂၀၂၅ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့တွင် အရှေ့တောင်တိုင်းသာသနာ၏ကျန်းမာရေးသာသနာဌာနညွှန်ကြားရေးမှူး ပါစတာဦးယောဟန်နှင့် အရှေ့တောင်တိုင်း အမျိုးသမီးသာသနာဌာန၏ ညွှန်ကြားရေးမှူးဆရာမကြီးဒေါ်ရှာရွန်စိန်တို့ပူးပေါင်း၍ ကျန်းမာရေးနှင့်ညီညွတ်သော သက်သတ်လွတ်အစားအစာချက်ပြုတ်ခြင်းမြှင့်တင်ရေးအစီအစဉ်ကို ဘားအံအသင်းတော်ရှိ အသင်းသူ/သား များတို့နှင့်အတူ ပြုလုပ်ခဲ့ကြသည်။

# ၂၀၂၄-၂၀၂၅ပညာသင်နှစ် ဆုပေးပွဲအခမ်းအနားနှင့် ကျောင်းသားမိဘ၊ ဆရာ/မများနှင့်တွေ့ဆုံပွဲ

အလယ်ပိုင်းတိုင်းသာသနာ၊ CMASကျောင်းတော်ကြီး၌ ၂၀၂၅ခုနှစ်၊ ဇူလိုင် (၂၃)ရက်နေ့တွင် ၂၀၂၄-၂၀၂၅ ပညာ သင်နှစ်အတွင်းဆုရရှိသည့် ကျောင်းသူ/သားများအား အလယ်ပိုင်းတိုင်းသာသနာ၏ ဥက္ကဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ ညွှန်ကြားရေးမှူးများနှင့် CMAS ကျောင်းအုပ်ကြီးတို့မှ ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြပြီး အလယ်ပိုင်းတိုင်းသာသနာ၏ အော်ဖစ်ဆာများ၊ ညွှန်ကြားရေးမှူးများ၊ ကျောင်းဆရာ/မများနှင့် ကျောင်းသား မိဘများ တက်ရောက်ခဲ့ကြသည်။








# ကျန်းမာခြင်းဧဝံဂေလိတရားပွဲ

၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၂၁-၂၄ရက်နေ့အထိ မြောင်းမြအရှေ့ကုန်းဓမ္မကျမ်းစာကျောင်း၌ မြန်မာယူနီယံ၏ ကျန်းမာခြင်းသာသနာဌာနညွှန်ကြားရေးမှူး ပါစတာဦးဆားနေညွှန့်နှင့် မြန်မာယူနီယံဓမ္မတက္ကသိုလ် ကျန်းမာခြင်းဌာနရှိ ဆရာ / မများမှ ဝိညာဉ်ရေးကျန်းမာခြင်း ၊ ကိုယ်ကာယကျန်းမာခြင်းနှင့်သက်ဆိုင်သောသတင်းစကားများကိုဟောကြားခဲ့ကြသည်။ ထိုအစီအစဉ်တွင် အရှေ့ကုန်းဓမ္မကျမ်းစာကျောင်းမှ ဆရာ/မများနှင့်ကျောင်းသူ/သားများ၊ အသင်းသူ/သားများတက်ရောက်ခဲ့ကြသည်။







# WOMEN’S MINISTERIES LEADERSHIP CERTIFICATION ENRICHMENT TRAINING LEVEL 1

အရှေ့တောင်တိုင်းမှအမျိုးသမီးများသာသနာဌာနညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်ရှာရွန်စိန်မှ ဦးဆောင်ပြုလုပ်ခဲ့သည့် WOMEN’S MINISTRIES LEADERSHIP CERTIFICATION – ENRICHMENT TRAINING LEVEL 1အစီအစဉ်ကို ၂၀၂၅ခုနှစ် ၊ ဇွန်လ ၂၂-၂၉ရက်နေ့အထိ မော်လမြိုင်အသင်းတော်ဌာနချုပ်၌ပြုလုပ်ခဲ့ရာ အရှေ့တောင်တိုင်းရှိ ဆရာမများတက်ရောက်ခဲ့ကြသည်။




# ကျောင်းစစ်ဆေးခြင်း

၂၀၂၅ခုနှစ်၊ ဇွန်လ (၁၈) ရက်နေ့တွင် မြန်မာယူနီယံဌာနချုပ်၏ ပညာရေးဌာန၏ ညွှန်ကြားရေးမှူး ပါစတာဦးမောရစ်ချစ်၊ ရန်ကုန်တိုင်းပညာရေးဌာနညွှန်ကြားရေးမှူး ပါစတာဦးမောင်မောင်မျိုးချန်နှင့် ရန်ကုန်တိုင်း၏ စီမံခန့်ခွဲရေးအဖွဲ့တို့မှ အရှေ့ရန်ကုန် ၊ ငါးဆူတောင် ဓမ္မကျမ်းစာကျောင်းသို့သွားရောက်ကာ ကျောင်းစစ်ဆေးခြင်း ၊ မှားကြားစရာရှိသည်များအား မှာကြားခြင်းနှင့် လိုအပ်သည်များအား ပြင်ဆင်ပေးခဲ့ကြသည်။ ထို့အပြင် YMAS ဝါးနက်ချောင်းဓမ္မကျမ်းစာကျောင်းသို့ သွားရောက်ခဲ့ရာ ကျောင်းစစ်ဆေးခြင်း ၊ (၂၀၂၅ - ၂၀၂၆) ကျောင်းနှစ်အတွက် ဆွေးနွေးခြင်းများလုပ်ဆောင်ခဲ့ကြရာ အစီအစဉ်၌ ရန်ကုန်တိုင်းရှိ OFFICERများ ၊ ညွှန်ကြားရေးမှူးများနှင့် နယ်စီးများလည်း ပါဝင်ခဲ့ကြသည်။





# အမှုဆောင်များတွေ့ဆုံပွဲ

အရှေ့တောင်တိုင်းသာသနာနယ်ရှိ OFFICERများနှင့်အမှုဆောင်များမှ ၂၀၂၅ခုနှစ်၊ ဇွန်လ(၂၄)ရက်နေ့တွင် အရှေ့တောင်တိုင်းသာသနာ၊ ဒုံရင်းနယ်၊ ကော့မရမ်းအသင်းတော်၌၎င်း၊ ၂၀၂၅ခုနှစ်၊ ဇွန်လ (၂၅)ရက်နေ့တွင် ဘားအံသာသနာနယ်၊ အထက်ရေပူအသင်းတော်၌၎င်း၊ ၂၀၂၅ခုနှစ်၊ ဇွန်လ (၃၀)ရက်နေ့၌ အရှေ့တောင်တိုင်းသာသနာ၊ ကမမောင်းအသင်းတော်တို့၌ ၂၀၂၅ခုနှစ်၏ ရိတ်သိမ်းခြင်းသာသနာ့လှုပ်ရှားမှုအတွက် တိုင်ပင်ဆွေးနွေးခြင်းနှင့် အမှုတော်ဆောင်များအတွက် အထူးဆက်ကပ်ဆုတောင်းခဲ့ကြသည်။ ထိုအစီအစဉ်တွင် ဒုံရင်းနယ် ၊ ဘားအံနယ် ၊ ကမမောင်းသာသနာနယ်ရှိ အသင်းအုပ်ဆရာများနှင့် နယ်စီးများတက်ရောက်ခဲ့ကြသည်။







# SSD Wide Strength and Support, Coaching and Care for Ministerial Spouses
# အခမ်းအနား




၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၁၁-၁၄ရက်နေ့အထိ Vietnamနိုင်ငံ၊ Da Nang ရှိ Nalod Hotel ၌ SSD Wide Strength and Support, Coaching & Care for Ministerial Spousesအခမ်းအနားကို GC Health Ministries Associate Director Dr.Katio Reinsert, SSD MSA Coordinator  Danita Caderma, SSD Health Director Dr.Lhalaineတို့မှပူးပေါင်းလုပ်ဆောင်ခဲ့ကြရာ မြန်မာယူနီယံကိုယ်စားလှယ်များအနေဖြင့် မြန်မာယူနီယံ၏ကလေးများနှင့် ဓမ္မဆရာဇနီးများဌာန ညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်ချိုချိုပေါလ်နှင့်အတူ တိုင်းငါးတိုင်းရှိကလေးများနှင့် ဓမ္မဆရာဇနီးများဌာန၏ ညွှန်ကြားရေးမှူးဆရာမများ စုစုပေါင်း (၆)ဦးတက်ရောက်ပါဝင်ခဲ့ကြသည်။

## Combined Departmental Training




အရှေ့တောင်တိုင်းသာသနာ၊ ဒုံရင်းနယ်၊ ကော့မရမ်းအသင်းတော်၌ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ၁၇-၁၈ရက်နေ့အထိ Combined Departmental Trainingကို မြန်မာယူနီယံကျန်းမာခြင်းသာသနာဌာနညွှန်ကြားရေးမှူး ပါစတာဦးဆဲနေညွန့်၊ မြန်မာယူနီယံ ဥပုသ်စာဖြေနှင့် တစ်ဦးခြင်းသာသနာဌာနညွှန်ကြားရေးမှူး ပါစတာ ဦးတင်မောင်ကြည် ၊ မြန်မာယူနီယံ၏ ဘဏ္ဍာစိုးဆိုင်ရာ သာသနာဌာနညွှန်ကြားရေးမှူး ပါစတာဦးရွှေသက်ဦး၊ အရှေ့တောင်တိုင်း၏ မိသားစုသာသနာဌာနညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်ရှာရွန်စိန်နှင့် အရှေ့တောင်တိုင်း ကျန်းမာခြင်းသာသနာဌာနညွှန်ကြားရေးမှူး ပါစတာဦးယောဟန်တို့မှ ပူးပေါင်းလုပ်ဆောင် သင်တန်းများပေးခဲ့ကြရာ ဒုံရင်းနယ်ရှိ ဆရာ/မများနှင့် ကော့မရမ်းအသင်းတော်ရှိ အသင်းသူ/သားများ တက်ရောက်ခဲ့ကြသည်။

## Women’s Ministries Leadership Certification Level -1




၂၀၂၅ ခုနှစ် ၊ စက်တင်ဘာလ (၂၈) ရက်နေ့တွင်ရန်ကုန်တိုင်းသာသနာ၊ မြောက်ဒဂုံအသင်းတော်၏ ဘုရားကျောင်းတွင်  ရန်ကုန်တိုင်း အမျိုးသမီးများ  သာသနာဌာနညွှန်ကြားရေးမှူး ဆရာမဒေါ်ဆောင်းဝေဝေမှ ဦးဆောင်ပြုလုပ်ခဲ့ရာ  ရန်ကုန်မြို့ရှိ  အသင်းတော်များမှအမျိုးသမီးများ  တက်ရောက်ခဲ့ကြသည်။ ထိုသင်တန်း၌ မြန်မာယူနီယံအမျိုးသမီးများသာသနာဌာနညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်ဆိုဟီးလာရှိုင်း၊ ရန်ကုန်တိုင်း၏ အမျိုးသမီးသာသနာဌာန၏ညွှန်ကြားရေးမှူး ဆရာမဒေါ်ဆောင်းဝေနှင့် YASISကျောင်းတော်ကြီး၏ ကျောင်းအုပ်ဆရာမဒေါ်ဆိုနီရယ်ရှိုင်းတို့မှသင်တန်းများပေးခဲ့ကြသည်။

# EC Meeting

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ (၂)ရက်နေ့၌ ဧရာဝတီတိုင်းသာသနာဌာနချုပ်၏ မြက်တိုအသင်းတော်တွင် EC (Executive Committee) ကို ဧရာဝတီတိုင်း၏ Officer များမှ ဦးဆောင်၍ ပြုလုပ်ခဲ့ကြသည်။ ထိုအစည်းအဝေးတွင် မြန်မာယူနီယံဥက္ကဋ္ဌ ပါစတာဦးအယ်ဗင်းဖိုးဖိုးလှမှ Zoomအားဖြင့် အမှာစကားနှင့်အားပေးစကားများပြောကြားခဲ့သည်။ ထိုအစည်းအဝေး၌ ဧရာဝတီတိုင်းသာသနာရှိ Officerများ ၊ နယ်စီးများနှင့် EC Member များတက်ရောက်ခဲ့ကြသည်။



## ဘဏ္ဍာစိုး၊ ဝိညာဉ်တော်စာပေနှင့် ဓမ္မစာပေဖြန့်ချီခြင်း ရက်တိုသင်တန်း




၂၀၂၅ ခုနှစ် ၊ စက်တင်ဘာလ ၃-၄ရက်နေ့အထိတွင် အရှေ့တောင်တိုင်းသာသနာ၏ဘားအံနယ်၊ ရေပူအသင်းတော်ဘုရားကျောင်းတွင်၎င်း ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ၅-၆ရက်နေ့အထိ ဒုံရင်းနယ် ၊ ရွှေနတ်ကျွန်းအသင်းတော်တို့တွင် ဘဏ္ဍာစိုး ၊ ဝိညာဉ်တော်စာပေနှင့် ဓမ္မစာပေဖြန့်ချီခြင်း ရက်တိုသင်တန်းအား မြန်မာယူနီယံ၏ ဘဏ္ဍားစိုးသာသနာဌာနညွှန်ကြားရေးမှူးပါစတာဦးရွှေသက်ဦးနှင့် ဝိညာဉ်တော်စာပေနှင့် ဓမ္မစာပေဖြန့်ချီခြင်းသာသနာဌာန၏ ညွှန်ကြားရေးမှူး ပါစတာဦးသန်းအောင်ထွန်းတို့မှ ဦးဆောင်၍ပြုလုပ်ခဲ့ရာ ဘားအံနှင့် ဒုံရင်းနယ်ရှိ နယ်စီးများနှင့် အသင်းသူ/သားများ တက်ရောက်ခဲ့ကြသည်။

## ကျန်းမာခြင်းဧဝံဂေလိတရားပွဲနှင့် ဆေးစစ်ပေးခြင်းအစီအစဉ်



အလယ်ပိုင်းတိုင်းသာသနာနယ်၊ မင်းတုန်းအဖွဲ့ငယ်၌ (၂၀၂၅)ခုနှစ်၊ စက်တင်ဘာလ ၅ရက်နေ့၌ ကျန်းမာခြင်းဧဝံဂေလိတရားပွဲနှင့် ဆေးစစ်ပေးခြင်းအစီအစဉ်အား အလယ်ပိုင်းတိုင်းသာသနာ၏ ကျန်းမာခြင်းသာသနာဌာနမှ ဆရာ/မများတို့နှင့်အတူ မင်းတုန်းအဖွဲ့ငယ်အားဦးစီးသည့် ဆရာဦးဘုန်းနိုင်တို့မှပူးပေါင်း၍ပြုလုပ်ခဲ့ရာတွင် တရားပွဲအပြီး၌ ယုံကြည်သူအသစ်(၅)ဦး နှစ်ခြင်းမင်္ဂလာခံယူခဲ့ကြသည်။

## မိဘဆရာများတွေ့ဆုံပွဲအခမ်းအနား




မြန်မာယူနီယံ၏ ပညာရေးသာသနာဌာန၏ညွှန်ကြားရေးမှူးဖြစ်သည့် ပါစတာဦးမောရစ်ချစ်နှင့်အတူ ရန်ကုန်တိုင်းသာသနာ၏ ပညာရေးဌာနညွှန်ကြားရေးမှူးဖြစ်သည့် ပါစတာဦးမောင်မောင်မျိုးချန်တို့မှ ၂၀၂၅ ခုနှစ် ၊ စက်တင်ဘာလ ၁၀ရက်နေ့တွင် ရန်ကုန်တိုင်းသာသနာ၏ တွံတေးနယ်၊ တွံတေးမြော်လင့်ခြင်းဓမ္မကျမ်းစာကျောင်းသို့သွားရောက်ကာ မိဘဆရာတွေ့ဆုံပွဲအခမ်းအနားအား တက်ရောက်ချီးမြှင့်ခဲ့ကြသည်။ ထိုအခမ်းအနားအားတွံတေးနယ်၏နယ်စီးနှင့်အတူ တွံတေးမြော်လင့်ခြင်းဓမ္မကျမ်စာကျောင်းမှ ဆရာ/မများတို့မှဦးဆောင်ပြုလုပ်ခဲ့ရာ ကျောင်းသားမိဘများ၊ ဆရာ/မများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

## Worker Meeting



၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၅ရက်နေ့တွင် ဧရာဝတီတိုင်းသာသနာ၊ ဟင်္သာတမြောက်ပိုင်းနယ်၊ ထူးကြီးအသင်းတော်၌ ဟင်္သာတမြောက်ပိုင်းနယ်၏ နယ်စီး ပါစတာ ဦးစိုင်းမန်ဦးဆောင်၍ Worker Meeting အစီအစဉ်အား ပြုလုပ်ခဲ့ရာ ဟင်္သာတမြောက်ပိုင်းနယ်ရှိ အမှုဆောင် ဆရာ/မများမှ တက်ရောက်ခဲ့ကြသည်။

## ASAP Medical Missionary



ဧရာဝတီတိုင်း သာသနာနယ်၏ ဥက္ကဋ္ဌဖြစ်သော ပါစတာဦးလေးမူးကျော်နှင့် ဇနီး ဆရာမဒေါ်လင်းလင်းသွယ်၊ ASAP Medical Missionary မှဆရာ/မများနှင့် ဧရာဝတီတိုင်းသာသနာနယ်ရှိ ဆရာ / မများတို့သည် (၂၀၂၅) ခုနှစ်၊ စက်တင်ဘာလ(၁၆)ရက်နေ့တွင် ဧရာဝတီတိုင်းသာသနာ၊ ကျုံပျော်နယ်၊ဓနုဖြူမြို့နှင့်ဗျဉ်းညားကျေးရွာသို့သွားရောက်ကာ ကျန်းမာရေးအသိပညာပေးခြင်းနှင့် ဆေးစစ်ပေးခြင်း၊ အသင်းသူ/သားများအတွက် အားပေးစကားများနှင့်ဆုတောင်းပေးခြင်းများပြုလုပ်ခဲ့ကြသည်။

# အမျိုးသမီးများအတွက် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးသင်တန်း




၂၀၂၅ခုနှစ်၊ အောက်တိုဘာလ (၈ - ၉) ရက်နေ့အထိ အရှေ့တောင်တိုင်းသာသနာ၊မော်လမြိုင်အသင်းတော်၌ အမျိုးသမီးများအတွက် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးသင်တန်း အစီအစဉ်ကို မြန်မာယူနီယံ၏ အမျိုးသမီးသာသနာဌာနညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်ဆိုဟီးလာရှိုင်းနှင့် မြန်မာယူနီယံ၏ ကျန်းမာခြင်းသာသနာဌာနညွှန်ကြားရေးမှူး ပါစတာဦးဆဲနေညွှန့်တို့မှ ဦးဆောင်သင်တန်းပေးခဲ့ကြသည်။ ၎င်းသင်တန်း၌ အရှေ့တောင်တိုင်း သာသနာနယ်၏ Officer များ ၊ ညွှန်ကြားရေးမှူးများနှင့် အရှေ့တောင်တိုင်းမှ အမျိုးသမီးကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။

# ယေရှုနှင့်အတူ အံ့ဖွယ်ခရီး တရားပွဲ



မြန်မာယူနီယံ ကလေးများသာသနာဌာနညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်ချိုချို ပေါလ် ဦးဆောင်ပြုလုပ်ခဲ့သည့် ယေရှုနှင့်အတူအံ့ဖွယ်ခရီးတရားပွဲ အစီအစဉ်ကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂-၁၁ ရက်နေ့အထိ အလယ်ပိုင်းတိုင်းသာသနာ၊ ဖဒိုနယ်၊ ဖဒိုအသင်းတော်၌အောင်မြင်စွာဖြင့်ပြုလုပ်ခဲ့ကြသည်။ ထိုတရားပွဲ၌ အငြိမ်းစာ ပါစတာဦးတိမသေမူနားပေါလ်၊ဆရာမကြီးဒေါ်ချိုချိုပေါလ်၊ ဖဒိုနယ်၏နယ်စီးပါစတာ ဦးလှိုင်ဝင်းအောင်၊ ဆရာမကြီးဒေါ်ဂျွန်နော၊ ဆရာမဒေါ်ဆိုင်းနမ်တို့မှ တရားဒေသနာများကို ဟောကြားဝေငှခဲ့ကြသည်။ ထိုတရားပွဲ၌ ဖဒိုနယ်ရှိ ဆရာ/မများ၊ ကလေးသူငယ်များနှင့် လူငယ်လူရွယ်များတက်ရောက်ခဲ့ကြသည်။

# အတွင်းရေးမှူးများတွေ့ဆုံပွဲ



၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၇) ရက်နေ့၌ ဧရာဝတီတိုင်းသာသနာနယ်၊ ချောင်းသာအဖွဲ့ငယ်၌ မြန်မာယူနီယံအတွင်းရေးမှူး ဒေါက်တာဦးထန်လန်းမုန်ဦးဆောင်၍ တိုင်းငါးတိုင်းရှိအတွင်းရေးမှူးများတွေ့ဆုံပွဲအစီအစဉ်ကို ပြုလုပ်ခဲ့သည်။ ထိုအစီအစဉ်၌ သာသနာ့လုပ်ငန်းများအတွက် ဆွေးနွေးတင်ပြသွားခဲ့ကြသည်။

# ပြန်လည်နိုးကြားခြင်းနှင့် သမ္မာကျမ်းစာလေ့လာခြင်း



၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၁၄ - ၁၈ ရက်နေ့အထိ အလယ်ပိုင်းတိုင်း သာသနာ အတွင်းရေးမှူး ပါစတာဦး ဟေရှာယ၊နယ်စီးဆရာဦး ဝင်းထွန်းနိုင်၊ အသင်းအုပ်ဆရာ ဦးမင်းမင်းဦးတို့မှ ဦးဆောင်ပြုလုပ်ခဲ့သည့် ပြန်လည်နိုးကြားခြင်းနှင့်သမ္မာကျမ်းစာလေ့လာခြင်းအစီအစဉ်ကို အလယ်ပိုင်းတိုင်းသာသနာ၊ တာချီလိတ် ၊ ရှမ်းအရှေ့၊ မိုင်းဆတ်နယ်၌ပြုလုပ်ခဲ့ရာ တာချီလိတ်အသင်းတော်ရှိ အသင်းသူ / သားများ တက်ရောက်ခဲ့ကြသည်။ ထိုအစီအစဉ်အပြီး၌ ယုံကြည်သူအသစ်စုစုပေါင်း (၁၃)ဦးသည် ခရစ်တော်ကိုမိမိ၏ကယ်တင်ပိုင်ရှင်အဖြစ်ယုံကြည်လက်ခံခဲ့ကြသည်။

# Communication Advisory



သာသနာ့ဆက်သွယ်ရေးဌာနညွှန်ကြားရေးမှူး ပါစတာဦးတိန့်ဆောင်မှဦးဆောင်ပြုလုပ်ခဲ့သည့် Communication Advisory အစီအစဉ်ကို ရန်ကုန်ဗဟိုအသင်းတော်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် ၊ အောက်တိုဘာလ (၂၇) ရက်နေ့၌ ပြုလုပ်ခဲ့ရာတွင် တိုင်းအသီးသီးရှိ သာသနာ့ဆက်သွယ်ရေးညွှန်ကြားရေးမှူးများနှင့် မီဒီယာဌာနမှဆရာများပါဝင်တက်ရောက်ခဲ့ကြသည်။ ထိုအစီအစဉ်တွင် သာသနာ့ဆက်သွယ်ရေးညွှန်ကြားရေးမှူး ပါစတာဦးတိန့်ဆောင်နှင့် နည်းပညာတာဝန်ခံ ဆရာဦးထန်ပေါင်တို့မှ သင်တန်းပို့ချပေးခဲ့ကြသည်။

# အမျိုးသမီးများစုပေါင်းဝတ်ပြုကိုးကွယ်ခြင်း




အထက်မြန်မာပြည်၏ အမျိုးသမီးများသာသနာဌာန၏ညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်ခွဲမှာစံမှဦးဆောင်ပြုလုပ်ခဲ့သည့် နှစ်(၃၀)ပြည့် အမျိုးသမီးဌာနနှစ်ပတ်လည်နေ့ (၁၉၉၅-၂၀၂၅) နှင့် (၁၂) ကြိမ်မြောက်မန္တလေးနယ် အမျိုးသမီးများစုပေါင်းဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်ကို အထက်မြန်မာပြည်သာသနာ၊ ပြင်ဦးလွင်အသင်းတော်၌ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁၈) ရက်နေ့တွင် ပြုလုပ်ခဲ့ရာမန္တလေးနယ်နှင့် ပြင်ဦးလွင်အသင်းတော်မှ အမျိုးသမီးများ တက်ရောက်ခဲ့ကြသည်။ ထိုအစီအစဉ်တွင် မြန်မာယူနီယံ မိသားစုနှင့်အမျိုးသမီးဌာနညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်ဆိုဟီးလာရှိုင်း၊ ကလေးနှင့်ဓမ္မဆရာဇနီးများဌာနညွှန်ကြားရေးမှူးဆရာမကြီးဒေါ်ချိုချိုပေါလ်နှင့် YASIS မှ ကျောင်းအုပ်ကြီးဆရာမဒေါ်ဆိုနီယာရှိုင်းတို့မှ တက်ရောက်ချီးမြှင့်ပေးခဲ့ကြသည်။

# အမျိုးသမီးများ အသက်မွေးဝမ်းကြောင်းဆိုင်ရာ လက်မှုပညာသင်တန်း

အရှေ့တောင်တိုင်း၏အမျိုးသမီးသာသနာဌာနညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်ရှာရွန်စိန်နှင့် သူးကဘီးခမ္မကျမ်းစာကျောင်းရှိ ဆရာ/မများဦးဆောင်ပြုလုပ်ခဲ့သော အမျိုးသမီးများအတွက် အသက်မွေးဝမ်းကြောင်းဆိုင်ရာ လက်မှုပညာသင်တန်းကို(၂၀၂၅) ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် အရှေ့တောင်တိုင်းသာသနာ၊ သူးကဘီးခမ္မကျမ်းစာကျောင်း၌ ပြုလုပ်ခဲ့ကြရာ သူးကဘီးခမ္မကျမ်းစာကျောင်းရှိ ကျောင်းသူများနှင့် အသင်းသူများ တက်ရောက်ခဲ့ကြသည်။






# Treasurer’s Meeting

မြန်မာယူနီယံမစ်ရှင် အသင်းတော်ဌာနချုပ်၌ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့တွင် ပြုလုပ်ခဲ့သည့် Treasurer’s Meetingအစီအစဉ်ကို SSD Associate Treasurer ဖြစ်သော Joseph Allan Debloisနှင့် မြန်မာနိုင်ငံရှိ တိုင်းအသီးသီးမှ ဘဏ္ဍာရေးမှူးများ တက်ရောက်ခဲ့ကြသည်။




# Hope Channel Myanmar studio ဆက်ကပ်အပ်နှံခြင်းနှင့် သင်တန်း

၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၇-၁၁ရက်နေ့အထိ မြန်မာယူနီယံဌာနချုပ်တွင် Hope Channel Myanmar studio ဆက်ကပ်အပ်နှံခြင်းနှင့် သင်တန်းပေးခြင်းအစီအစဉ်ကိုပြုလုပ်ခဲ့ရာ တိုင်းအသီးသီးရှိ သာသနာ့မီဒီယာ၏ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပြီး သင်တန်း၌ Dr. Michael Palar (SSD Hope Channel Co-ordinator), Edward Rodriguez ( Assistance of SSD communication Director ) Anthony Stanyerနှင့် Pr.Sherwin Fiedacan တို့မှ သင်တန်းများအသီးသီးပို့ချပေးခဲ့ကြသည်။ အောက်တိုဘာလ (၉)ရက်နေ့၌လည်း Hope Channel Myanmar studio ဆက်ကပ်အပ်နှံခြင်းအစီအစဉ်ကို ပြုလုပ်ခဲ့ရာ အခမ်းအနားတွင် Dr. Michael Palar (SSD Hope Channel Coordinator)မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီးမြန်မာယူနီယံရှိ Officer များ၊ ညွှန်ကြားရေးမှူးများ၊ ဆရာ/မများနှင့် SSDမှ ဆရာကြီးများအချို့လည်း တက်ရောက်ခဲ့ကြသည်။



# နွေရာသီကျောင်းပိတ်ရက် ဆရာ/မစွမ်းဆောင်ရည် မြင့် မွမ်းမံသင်တန်း

အရှေ့တောင်တိုင်းသာသနာ၊ ရေပူမမ္မကျမ်းစာကျောင်း၌ ၂၀၂၅ခုနှစ်၊ မေလ ၄–၁၄ရက်နေ့အထိ နွေရာသီကျောင်းပိတ်ရက် ဆရာ/မစွမ်းဆောင်ရည်မြင့် မွမ်းမံသင်တန်းကို MYUM ပညာရေးသာသနာဌာနမှ ပါစတာ ဦးမောရစ်ချစ်၊ SEM Officerများ၊ ACS( Adventist Community Service)မှဆရာနန်းတုံနှင့် ADRA Myanmar မှ ဆရာစောလေးကပေါ်တို့မှ ဦးဆောင်ပြုလုပ်ခဲ့ရာ တိုင်းအသီးသီးမှ ဆရာ/မများ တက်ရောက်ခဲ့ကြသည်။





# ဗိမ္မာန်တော်အသစ်ဆက်ကပ်အပ်နှံခြင်းအခမ်းအနား

၂၀၂၅ ခုနှစ် မေလ ၃ ရက်နေ့၌ အရှေ့တောင်တိုင်း၊ ကမမောင်းသာသနာနယ်ရှိ နိုခဲထာအသင်းတော်ဘုရားကျောင်းဆက်ကပ်ခြင်း အစီအစဉ်ကို ကမမောင်း သာသနာနယ်၏ နယ်စီး ပါစတာဦးအောင်ဒိုးဖံနှင့် နိုခဲထာအသင်းတော်၏ အသင်းအုပ်ဆရာတို့မှ ဦးဆောင်၍ ပြုလုပ်ခဲ့ရာ အရှေ့တောင်တိုင်းသာသနာ ဌာနချုပ်မှ အော်ဖစ်ဆာများ၊ ညွှန်ကြားရေးမှူးများ၊ ကမမောင်းသာသနာနယ်ရှိ ဆရာ/မများနှင့် အသင်းသူ၊ သားများ ပါဝင်တက်ရောက်ခဲ့ကြသည်။

# လူငယ့်မိတ်သဟာယ စုပေါင်းဝတ်ပြုခြင်း အစီအစဉ်နှင့် သင်တန်း





ဟာသ်တမြောက်ပိုင်းသာသနာနယ်၊ ဖန်ခါးအဖွဲ့ငယ်၌ ဧရာတြီတိုင်း၏ လူငယ့်သာသနာဥာနမှ ညွှန်ကြားရေးမှူး ပါစတာဦးကယ်နဒီသိန်းမှ ဦးဆောင်၍ လူငယ့်မိတ်သဟာယ စုပေါင်းဝတ်ပြုခြင်းအစီအစဉ်နှင့် သင်တန်းကို ၂၀၂၅ခုနှစ်၊ မေလ ၁၉–၂၀ရက်နေ့အထိ ပြုလုပ်ခဲ့ရာ ဟာသ်တမြောက်ပိုင်းသာသနာနယ်ရှိလူငယ်လူရွယ်များ၊ ဆရာ/မများနှင့် အသင်းသူ/သားများ ပါဝင်တက်ရောက်ခဲ့ကြသည်။

# SSD Wide Teacher Convention Program

ထိုင်းနိုင်ငံရှိ ပတ္တရားမြို့ ၌ပြုလုပ်ခဲ့သောSSD Wide Teacher Convention Program ကို ၂၀၂၅ခုနှစ်၊ မေလ ၂၄–၂၉ရက်နေ့အထိ ပြုလုပ်ခဲ့ရာ ကိုယ်စားလှယ်များ စုစုပေါင်း (၁၈၀၀)တက်ရောက်ခဲ့ပြီး မြန်မာယူနီယံမစ်ရှင်မှ ပညာရေးမှူး ပါစတာဦးမောရစ်ချစ်



မှ ဦးဆောင်ကာ မြန်မာယူနီယံမစ်ရှင်မှ ကိုယ်စားလှယ်များ စုစုပေါင်း (၅၃)ဦးတက်ရောက်ခဲ့ကြသည်။ ၂၀၂၅ခုနှစ်၊ မေလ (၃၀)ရက်နေ့၌လည်း မြန်မာယူနီယံ၏ ပညာရေးမှူး ပါစတာဦးမောရစ်ချစ်နှင့် အတူ MUASကျောင်းတော်ကြီး၏ ကျောင်းအုပ်ကြီး ဒေါက် တာဦးပေါလ်တန်ဘောင်နော်တို့မှ ထိုင်းနိုင်ငံရှိ AIU, Asia Pacific International University ကျောင်းတော်ကြီးသို့ သွားရောက်လည်ပတ်ခဲ့ကြသည်။ ထို့အပြင် ၂၀၂၅ခုနှစ်၊ ဇွန်လ (၄)ရက်နေ့၌ မြန်မာယူနီယံမစ်ရှင်၏ဆရာ။မများမှ မြန်မာယူနီယံ ပညာရေး ဌာန ညွှန်ကြားရေးမှူး ပါစတာဦးမောရစ်ချစ်၏ ဦးဆောင်မှုဖြင့် Ekamai International School သို့လည်း သွားရောက်လည်ပတ်ခဲ့ကြသည်။





# မြန်မာပြည်လုံးဆိုင်ရာ သာမန်အသင်းသားတရားပွဲ

ရိတ်သိမ်းခြင်း၂၀၂၅၏သာမန်အသင်းသားတရားပွဲကို အသင်းတော်တိုင်း၌ ၂၀၂၅ခုနှစ်၊ မေလ ၉–၁၇ရက်နေ့အထိ အောင်မြင်စွာဖြင့်ပြုလုပ်ခဲ့ပြီး တရားပွဲအပြီး၌ စုပေါင်းနှစ်ခြင်းခံခြင်းအစီအစဉ်ကိုလည်း ပြုလုပ်ခဲ့ကြသည်။





# ဧရာဝတီတိုင်းအသင်းတော်ဥာနချုပ်ရှိ အော်ဖစ်ဆာများမှ AYAS ကျောင်းတော်သို့သွားရောက်လည်ပတ်ခြင်း

၂၀၂၅ခုနှစ်၊ မေလ ၁၈ရက်နေ့၌ ဧရာဝတီတိုင်းအသင်းတော်ဌာနချုပ်၏ ဥက္ကဋ္ဌကြီးဖြစ်သော ပါစတာဦးလေးမူးကျော်၊ အတွင်းရေးမှူး ပါစတာဦးမိုးဝင်း၊ ဘဏ္ဍာရေးမှူး ဆရာဦးဇော်ဝင်းတို့မှ မြောင်းမြအရှေ့ကုန်းမမ္မကျမ်းစာကျောင်းသို့သွားရောက်လည်ပတ်ခြင်း၊ လိုက်လံကြည့်ရှုစစ်ဆေးခြင်း၊ အားပေးခြင်းနှင့်လိုအပ်သည်များ ပြင်ဆင်ပေးခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။







# မြော်လင့်ခြင်းစာပေနှင့် စာကြည့်တိုက်သစ် ဆက်ကပ်အပ်နှံခြင်းအခမ်းအနား





ရန်ကုန်တိုင်းသာသနာ၊ တွံတေးနယ်၏ တွံတေးအသင်းတော်ဘုရားကျောင်း၌ မြော်လင့်ခြင်းစာပေနှင့် စာကြည့်တိုက်သစ်ဆက်ကပ်အပ်နှံခြင်းအခမ်းအနားကို တွံတေးအသင်းတော်၏အသင်းအုပ်ဆရာ ပါစတာ–မွန်းစတုန်းနှင့် ဆရာမကြီး ဒေါ်လှလှမြင့်တို့မှ ဦးဆောင်ပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းသာသနာ ဌာနချုပ်မှ အော်ဖစ်ဆာများ၊ ညွှန်ကြားရေးမှူးများ၊ တွံတေးအသင်းတော်ရှိ အသင်းသူ။သားများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

# House Church ဆက်ကပ်အပ်နှံခြင်းအခမ်းအနား





ဧရာဝတီတိုင်းသာသနာ၊ မအူပင်နယ်၊ စာဖြဲ အဖွဲ့ငယ်၌ မအူပင်သာသနာနယ်၏ နယ်စီး ပါစတာ ဦးဝင်းမြင့်ချစ်မှ ဦးဆောင်ပြုလုပ်ခဲ့သော House Church ဆက်ကပ်အပ်နှံခြင်းအခမ်းအနားကို ၂၀၂၅ခု–နှစ်၊ ဇွန်လ (၇)ရက်နေ့၌ ဧရာဝတီတိုင်းသာသနာဌာနချုပ်၏ ဥက္ကဋ္ဌ ပါစတာဦးလေးမူးကျော်မှ တရားဒေသနာတော် များဖြင့် ဆက်ကပ်ပေးခဲ့ပြီး ဧရာဝတီတိုင်းသာသနာဌာနချုပ်၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ ညွှန်ကြားရေးမှူးများ နှင့် မြောင်းမြ ဓမ္မတက္ကသိုလ်ရှိ ဆရာ/မများ၊ မအူပင်သာသနာ၏နယ်စီး၊ အသင်းအုပ်ဆရာ/မ များနှင့် အသင်းသူ/သားများ တက်ရောက်ခဲ့ကြသည်။

## သာမန်အသင်းသူ/သားတရားပွဲအပြီးတွင် ရိတ်သိမ်းရရှိခဲ့သော ဝိညာဉ်အရေအတွက်

| No | Missions | Lay-Men and Lay-Women Evangelism (April-May) | |
|---|---|---|---|
| 1 | Ayeyarwady Mission | 107 | |
| 2 | Central Myanmar Mission | 93 | |
| 3 | Southeast Mission | 40 | |
| 4 | Upper Myanmar Mission | 110 | |
| 5 | Yangon Mission | 94 | |
| | Total | 444 | |

ဘုရားသခင်၏ကျေးဇူးတော်ကြောင့် သာမန်အသင်းသူ/သားတရားပွဲအစီအစဉ်ကို ၂၀၂၅ခုနှစ်၊ မေလ ၉–၂၄ ရက်နေ့အထိ တိုင်းအသီးသီး၌ အောင်မြင်စွာဖြင့် လုပ်ဆောင်ခဲ့ကြသည်။ ၎င်းတရားပွဲအပြီးတွင် ဧရာဝတီတိုင်း၌ ဝိညာဉ် (၁၀၇)လုံး၊ အလယ်ပိုင်းတိုင်းတွင် ဝိညာဉ် (၉၃)လုံး၊ အရှေ့တောင်တိုင်းတွင် ဝိညာဉ်အလုံး(၄၀)၊ အထက်မြန်မာပြည်တွင် ဝိညာဉ်အလုံး (၁၁၀)နှင့် ရန်ကုန်တိုင်းတွင်ဝိညာဉ် (၉၄)လုံး စုစုပေါင်း ဝိညာဉ် (၄၄၄) လုံး ရရှိခဲ့ကြသည်။

## ဧရာဝတီတိုင်းတွင် ပြုလုပ်ခဲ့သော နှစ်လည်အစည်းအဝေး






ဧရာဝတီတိုင်းသာသနာဌာနချုပ်၏ မြက်တို အသင်းတော်တွင် ဧရာဝတီတိုင်းသာသနာဌာနချုပ် မှ အော်ဖစ်ဆာများ ဦးဆောင်ပြုလုပ်ခဲ့သော နှစ်လည် အစည်းအဝေးအစီအစဉ်ကို ၂၀၂၅ခုနှစ်၊ မေလ (၂၇) ရက်နေ့တွင် ဦးဆောင်ပြုလုပ်ခဲ့ရာ အစီအစဉ်တွင် မြန်မာယူနီယံမှ ဥက္ကဋ္ဌကြီး ပါစတာဦးအယ်လ်ဗင်းဖိုးဖိုးလှ၊ အတွင်းရေးမှူး ဒေါက်တာဦးထန်လန်းမုန်တို့မှ သာသနာလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ဆောင်ရမည့် အရာများအားညွှန်ကြားခြင်း၊ အားပေးခြင်းနှင့် အထူးဆုတောင်းဆက်ကပ်ပေးခဲ့သည်။ ထိုအစီအစဉ်၌ EC Memberများ၊ ဧရာဝတီတိုင်းသာသနာနယ်ရှိ အမှုတော်ဆောင်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြသည်။

## ကောင်းကင်တမန်သုံးပါးသတင်းစကား ရက်တိုသင်တန်း





မြန်မာယူနီယံ ကလေးများသာသနာဌာနညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်ချိုချိုပေါ်လ်မှ ဦးဆောင်ခဲ့သော ကောင်းကင်တမန်သုံးပါးသတင်းစကား ရက်တိုသင်တန်းကို ၂၀၂၅ခုနှစ်၊ မေလ ၂၆–၃၀ရက်နေ့အထိ ရန်ကုန်ဗဟိုအသင်းတော်ဘုရားကျောင်း၌ အောင်မြင်–စွာဖြင့် ပြုလုပ်ခဲ့ရာ ထိုသင်တန်းတွင် ဗဟန်းအသင်းတော်နှင့် ရန်ကုန်ဗဟိုအသင်းတော်ရှိ လူငယ်လူရွယ်များ တက်ရောက်ခဲ့ကြသည်။

## အရှေ့တောင်တိုင်းသာသနာနယ်တွင် ပြုလုပ်သော လူငယ့်မိတ်သဟာယဖွဲ့ဆုတောင်းဝတ်ပြုခြင်းနှင့် (ဖလုံ)ကရင် စာပေသင်တန်း







အရှေ့တောင်တိုင်းသာသနာ၏ ဒုံးရင်းနယ်၊ ရွှေနတ်ကျွန်းအသင်းတော်၌ ဒုံရင်းသာသနာနယ်၏နယ်စီး ဆရာပလေမူးနှင့် ရွှေနတ်ကျွန်းအသင်းအုပ်ဆရာတို့မှ ဦးဆောင်ကာ ၂၀၂၅ခုနှစ်၊ မေလ ၂၀–၃၀ရက်နေ့ထိ လူငယ့်မိတ်သဟာယဖွဲ့ ဆုတောင်းဝတ်ပြုခြင်းနှင့် (ဖလုံ) ကရင်စာပေသင်တန်းကို အောင်မြင်စွာဖြင့် ပြုလုပ်ခဲ့ကြသည်။ အစီအစဉ်တွင်အရှေ့တောင်တိုင်းသာ သနာဌာနချုပ်မှ အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးများ၊ ဒုံရင်းနယ်ရှိ ဆရာ/မများနှင့် လူငယ်လူရွယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

# MYUM Pastoral Service Of Ordination




ရန်ကုန်ဗဟိုအသင်းတော်ဌာနချုပ်၌ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ (၁၅)ရက်နေ့တွင် MYUM Pastoral Service Of Ordination အစီအစဉ်ကို ပြုလုပ်ခဲ့သည်။ ထိုအစီအစဉ်၌ တိုင်းအသီးသီးမှ အမှုတော်ဆောင် (၁၇)ဦးအား လက်တင်မင်္ဂလာအပ်နှင်းခဲ့သည်။

# အရှေ့တောင်တိုင်းသာသနာတွင်ပြုလုပ်ခဲ့သော နှစ်လည်အစည်းအဝေး






၂၀၂၅ခုနှစ်၊ ဇွန်လ (၅)ရက်နေ့၌ အရှေ့တောင်တိုင်းသာသနာဌာနချုပ်ရှိ မော်လမြိုင်အသင်းတော်ဘုရားကျောင်း၌ အရှေ့တောင်တိုင်းသာသနာ၏ Officer များမှ နှစ်လည်အစည်းအဝေးကို မြန်မာယူနီယံမစ်ရှင်၏ ဥက္ကဋ္ဌကြီး ပါစတာဦးအယ်လ်ဗင်းဖိုးဖိုးလှ၊ အတွင်းရေးမှူးဒေါက်တာဦးထန်လန်းမုန် ၊ ဘဏ္ဍာရေးမှူး ဆရာကြီးဦးစောခဲလေသိန်းတို့အပြင် အရှေ့တောင်တိုင်း၏ ညွှန်ကြားရေးမှူးများ၊ ရေပူ ဓမ္မကျမ်းစာကျောင်းအုပ်ကြီးနှင့် နယ်စီးများတို့နှင့်အတူ အောင်မြင်စွာဖြင့် ပြုလုပ်ခဲ့ကြသည်။

# Union Wide Children Sabbath School Teacher Convention



အထက်မြန်မာပြည်၏ ပြင်ဦးလွင်အသင်းတော်ဌာနချုပ်၌ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၁၂–၁၃ရက်နေ့အထိ ပြုလုပ်ခဲ့သည့် Union Wide Children Sabbath School Teacher Convention အစီအစဉ်တွင် GC Children's Ministries ဌာနမှ ညွှန်ကြားရေးမှူး ဆရာမကြီး Orathai Churesonနှင့် မြန်မာယူနီယံ ကလေးများသာသနာဌာနညွှန်ကြားရေးမှူး ဆရာမ–ကြီးဒေါ်ချိုချိုပေါလ်တို့မှ ဦးဆောင်ပြုလုပ်ခဲ့ရာ တိုင်းအသီးသီးရှိ Children Sabbath School Teacher များ ပျော်ရွှင်စွာဖြင့် တက်ရောက်ခဲ့ကြသည်။

# သာသနာ့လုပ်ငန်းအတွက် သင်တန်းများနှင့် ပြန်လည် နိုးကြားခြင်းအစည်းအဝေး



အလယ်ပိုင်းတိုင်းသာသနာ၊ ရှမ်းပြည်အရှေ့ပိုင်း၊ မိုင်းဆတ်အသင်းတော်၌ ၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၂၃ရက်နေ့တွင်လည်းကောင်း၊ ၂၀၂၅ခုနှစ်၊အောက်တိုဘာလ ၂၆–၂၇ရက်နေ့အထိ အလယ်ပိုင်းတိုင်းသာသနာ၊ တာချီလိတ်အသင်းတော်တို့တွင် သာသနာ့လုပ်ငန်းအတွက် သင်တန်းများနှင့် ပြန်လည်နိုးကြားခြင်းအစည်းအဝေးကို အလယ်ပိုင်းတိုင်းသာသနာ၏ အတွင်းရေးမှူး ပါစတာဦးဟေရှာယ၊ ဘဏ္ဍာစိုးဌာနညွှန်ကြားရေးမှူး ဆရာဦးဒေးဗစ်အေး၊ ဥပုသ်စာဖြေနှင့်ကျန်းမာခြင်းသာသနာဌာနညွှန်ကြားရေးမှူး ပါစတာဦးအောင်ဝင်းရွှေ၊ ကလေးနှင့်မိသားစုသာသနာဌာနညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်ဂျွန်နေသနှင့် ဓမ္မရေးရာသာသနာဌာနညွှန်ကြားရေးမှူး ပါစတာဦးသိန်းထွဋ်ဝင်းတို့မှ သင်တန်းများပို့ချပေးခဲ့ကြရာ မိုင်းဆတ်နှင့် တာချီလိတ်အသင်းတော်ရှိ အသင်းသူ။ သားများတက်ရောက်ခဲ့ကြသည်။

# စာတွေ့လက်တွေ့ ဓမ္မစာပေ ဖြန့်ချိရေးသင်တန်း



ရန်ကုန်တိုင်းသာသနာ၊ လှိုင်သာယာအသင်းတော်၌ မြန်မာယူနီယံ ပုံနှိပ်ထုတ်ဝေရေးနှင့် ဝိညာဉ်တော်စာပေဖြန့်ချိရေးဌာနညွှန်ကြားရေးမှူး ပါစတာ ဦးသန်းအောင်ထွန်းနှင့် ရန်ကုန်တိုင်းသာသနာဝိညာဉ်တော်စာပေဖြန့်ချိရေးဌာနညွှန်ကြားရေးမှူး Pr. Suan Sawm Sang တို့မှ စာတွေ့လက်တွေ့ ဓမ္မစာပေဖြန့်ချိရေးသင်တန်းကို ၂၀၂၅ခုနှစ်၊ ဇွန်လ (၄–၆)ရက်နေ့အထိ အောင်မြင်စွာဖြင့်ပြုလုပ်ခဲ့ကြသည်။ ထိုသင်တန်း တွင် လှိုင်သာယာအသင်းအုပ်ဆရာမနှင့်အတူ အသင်းသူ/သားများ တက်ရောက်ခဲ့ကြသည်။

# သာသနာပြုဆရာနေအိမ်အသစ် ဆက်ကပ်ခြင်းအခမ်းအနား





မြန်မာယူနီယံဥက္ကဋ္ဌ ပါစတာဦးအယ်လ်ဗင်းဖိုးဖိုးလှ၊ အတွင်းရေးမှူးဒေါက်တာဦးထန်လန်းမုန် ၊ ဘဏ္ဍာရေးမှူးဆရာကြီးဦးစောခဲလေသိန်း ၊ ရန်ကုန်တိုင်း၏ ဥက္ကဋ္ဌ ပါစတာဦးအေဝမ်းသိန်းနှင့် ဆရာ/မများ တို့နှင့်အတူပြုလုပ်ခဲ့သော ရန်ကုန်တိုင်းသာသနာ၊ သာကေတအသင်းတော်အတွက် သာသနာပြုဆရာနေအိမ်အသစ် ဆက်ကပ်ခြင်း အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ မေလ (၃၀)ရက်နေ့၌ ပြုလုပ်ခဲ့ကြသည်။

# Medical Missionary





ဧရာဝတီတိုင်း၏ ဥက္ကဋ္ဌ ပါစတာ ဦးလေးမူးကျော်နှင့် ဇနီးဆရာမဒေါ်လင်းလင်းသွယ်၊ ရိုးမအရှေ့သာသနာနယ်၏နယ်စီး ပါစတာဦးညွန့်ဝင်းနှင့် အခြားသောဆရာ၊ ဆရာမများပူးပေါင်း၍ ၂၀၂၅ခုနှစ်၊ ဇွန်လ (၇)ရက်နေ့၌ ရိုးမအရှေ့သာသနာနယ်၊ ရွှေခဲအဖွဲ့ငယ်သို့သွားရောက်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ဆေးစစ်ခြင်းများနှင့် ဆေးပေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

# AWR Asia Missionary Congress



SEUM Auditorium Hall, Muak Lek,Saraburi , Thailand၌ပြုလုပ်ခဲ့သည့် AWR Asia Missionary Congressအစီအစဉ်အား ၂၀၂၅ခုနှစ်၊ နိုဝင်ဘာ ၂၀–၂၃ရက်နေ့အထိ AWR Asia Pacificမှ ဆရာကြီးများဦးဆောင်ပြုလုပ်ခဲ့ရာ Division(၄)ခုနှင့် ဖိတ်ကြားထားသည့်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ မြန်မာပြည်အနေဖြင့်လည်း ကိုယ်စားလှယ် (၁၃)ဦးတက်ရောက်ခဲ့ကြသည်။

# MYUM Quinquennial Session

မြန်မာယူနီယံအသင်းတော်ဌာနချုပ်တွင် ပြုလုပ်ခဲ့သည့် MYUM Quinquennial Session အစည်းအဝေးကို ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၆–၉ ရက်နေ့အထိ အောင်မြင်စွာဖြင့်ပြုလုပ်ခဲ့ကြရာ တိုင်းအသီးသီးမှ ဥက္ကဋ္ဌများ၊ ဒါရိုက်တာများနှင့် အသင်းလူကြီးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။ ထိုအစည်းအဝေးမှာ ၂၀၂၆–၂၀၃၀ခုနှစ်အတွင်း အမှုတော်အတွက်တိုင်း Officerများ၊ ယူနီယံဒါရိုက်တာများ နှင့် KPH မန်နေဂျာရွေးချယ်တင်မြှောက်သည့် အစည်းအဝေးတစ်ခုဖြစ်သည်။ ရွေးချယ်ခံရသည့် အမှုတော်ဆောင်များမှာ အောက်ပါအတိုင်းဖြစ်သည်။












































## ဧဝံဂေလိတရားဟောပြောပွဲ



၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၁၃–၁၆ရက်နေ့အထိ အထက်မြန်မာပြည်သာသနာ၊ မန္တလေးနယ်၊ မန္တလေးအသင်းတော်၌ ဧဝံဂေလိတရားဟောပြောပွဲအစီအစဉ်ကို ပြုလုပ်ခဲ့သည်။ ထိုတရားပွဲ၌ အထက်မြန်မာပြည်၏ ဥက္ကဌ ပါစတာဦးထန်ကန်းလိုမှ တရားဒေသနာများကို ဟောကြားပေးခဲ့ပြီး တရားပွဲအပြီးတွင် ခရစ်တော်ကိုမိမိကယ်တင်ပိုင်ရှင်အဖြစ် လက်ခံသူ (၅)ဦးရှိခဲ့သည်။ ၎င်းတရားပွဲတွင် မန္တလေးအသင်းတော်တွင်ရှိသည့် အသင်းသူ၊ အသင်းသားများတက်ရောက်ခဲ့ကြသည်။

## အမှတ်စဉ် (၂၉) လူထုကျန်းမာရေးမြှင့်တင်မှု သင်တန်းဆင်းပွဲ



ရန်ကုန်တိုင်းသာသနာ၊ အင်းစိန်အသင်းတော်၌ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ (၇)ရက်နေ့တွင်ပြုလုပ်ခဲ့သည့် အမှတ်စဉ် (၂၉) လူထုကျန်းမာရေးမြှင့်တင်မှုသင်တန်းဆင်းပွဲအစီအစဉ်တွင် သင်တန်းဆင်းသူစုစုပေါင်း (၈) ဦးရှိခဲ့ပြီး ထိုသင်တန်းဆင်းသူများအား VOPဌာနမှ ဆရာမစိုးစန္ဒာနှင့် ဆရာမမိုးသူဇာတို့မှ VOP အောင်လက်မှတ်များချီးမြှင့်ပေးခဲ့ကြသည်။ ထိုသင်တန်းဆင်းပွဲ၌ သင်တန်းပို့ချသော ဆရာ၊ ဆရာမများ၊ မြန်မာယူနီယံရှိ ဆရာ၊ ဆရာမများ၊ ရန်ကုန်တိုင်းသာသနာ၏ ဘဏ္ဍာရေးမှူးနှင့်ညွှန်ကြားရေးမှူးများ၊ အင်းစိန်အသင်းတော်ရှိ အသင်းသူ၊ အသင်းသားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

## Life Hope Center တည်ဆောက်ရန်အတွက် ပန္နက်ရိုက်ခြင်း

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့တွင် ရန်ကုန်ဗဟိုအသင်းတော်ဌာနချုပ်၌ Life Hope Center တည်ဆောက်ရန်အတွက် ပန္နက်ရိုက်ခြင်း အစီအစဉ်ကို ရန်ကုန်ဗဟိုအသင်းတော်ဌာနချုပ်ရှိ Officerများနှင့် ဆရာ၊ ဆရာမများမှ အောင်မြင်စွာဖြင့်ပြုလုပ်ခဲ့ကြသည်။



## နှစ် (၅၀)ပြည့်ဂျူဗလီနှင့် ဗိမ္မာန်တော်သစ်ဆက်ကပ်အပ်နှံခြင်း




၂၀၂၅ခုနှစ်၊ နိုဝင်ဘာ (၁၅)ရက်နေ့တွင် အထက်မြန်မာပြည်၊ ကချင်ပြည်နယ်၊ မရမ်းအသင်းတော်၌ နှစ်(၅၀)ပြည့်ဂျူဗလီနှင့် ဗိမ္မာန်တော်အသစ် ဆက်ကပ်အပ်နှံခြင်းအခမ်းအနားအား ပြုလုပ်ခဲ့ရာ အထက်မြန်မာပြည်သာသနာ၏ဘဏ်ဥာရေးမှူး Pr. Ruata၊ ဥပုသ်စာဖြေ၊ တစ်ဦးချင်းသာသနာနှင့် ဘဏ္ဍာစိုးသာသနာဌာနညွှန်ကြားရေးမှူး ပါစတာဦးပီတာဇုန်းယိမ်းနှင့်ညွှန်ကြားရေးမှူးများ၊ ကချင်ပြည်နယ်ရှိ နယ်စီးများ၊အမှုဆောင်များ၊ မရမ်းအသင်းတော်ရှိ အသင်းသူ၊ အသင်းသားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည် တော်များတက်ရောက်ခဲ့ကြသည်။ ထို့အပြင် ကချင် သာသနာနယ်လုံးဆိုင်ရာ ဝိညာဉ်နိုးကြားခြင်း အစည်းအဝေးတတိယအကြိမ်အား ၂၀၂၅ခုနှစ်၊ နိုဝင် ဘာလ ၁၃–၁၅ရက်နေ့အထိ အောင်မြင်စွာဖြင့် ပြုလုပ်ခဲ့ကြသည်။